မိမိဆန္ဒအလျောက်နေရပ်ပြန်ခြင်းနှင့်စပ်လျဉ်းသည့် UNHCR ၏ အကာအကွယ်ပေးမှုနှင့် အကူအညီပေးမှုဆိုင်ရာ နိုင်ငံတကာစံနှုန်းနှင့် အခြေခံမှုများမှာ-

**မိမိဆန္ဒအလျောက်ဖြစ်ခြင်း-** ဒုက္ခသည်များ နေရပ်ပြန်ခြင်းဆုံးဖြတ်ချက်သည် မိမိဆန္ဒအလျောက်သာဖြစ်ကြောင်းအတည်ပြုရန်အတွက် UNHCR မှ ၎င်း၏ကာကွယ်မှုဆိုင်ရာဆွေးနွေးလမ်းညွှန်မှု လာရောက်ပြုလုပ်သွားမည်။ ထိုကာကွယ်မှုဆိုင်ရာ ဆွေးနွေးလမ်းညွှန်မှုပြုလုပ်ရာ၌ UNHCR ၏ မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းလျှောက်လွှာပုံစံ(VRF) ကို အသုံးပြုမည်ဖြစ်သည်။

**ဘေးကင်းလုံခြုံမှုရှိခြင်း-** ပြန်သွားမည့်နေရာဒေသ၌ ဘေးကင်းလုံခြုံမှုရှိရေးသည် လွန်စွာမှအရေးကြီးလှသည်။ အကယ်၍ ပြန်သွားမည့်နေရာဒေသတွင် သိသာသော ကာကွယ်မှုဆိုင်ရာ စိုးရိမ်မှုများရှိနေလျှင် UNHCR အနေဖြင့် နေရပ်ပြန်ခြင်းကို ကူညီဆောင်ရွက်ပေးမည်မဟုတ်ပါ။ ထို့ကြောင့် ဒုက္ခသည်များကိုယ်တိုင် ဤမေးခွန်းကို သေချာလေ့လာဆန်းစစ်ပြီး ၎င်းတို့လုံခြုံရေးနှင့်ပတ်သတ်သော သတင်းအချက်အလက်များကို ရနိုင်သထက်ရနိုင်အောင် ကြိုးစားစုဆောင်းရယူရမည်ဖြစ်သည်။

**ဂုဏ်သိက္ခာရှိမှုဖြစ်ခြင်း-** ပြန်သွားသည့်အချိန်နှင့် ဘဝပြန်လည်ထူထောင်ရေးဆောင်ရွက်သည့် ကာလတလျှောက် ဒုက္ခသည်တို့၏ဂုဏ်သိက္ခာကို ထည့်သွင်းစဉ်းစားရန် လွန်စွာမှအရေးကြီးသည်။ ဆိုလိုသည့်အဓိပ္ပါယ်မှာ ဒုက္ခသည်တွေအနေဖြင့် ပြည်သူများအတွက် အစိုးရမှလုပ်ဆောင်ပေးသော လူမှုဝန်ဆောင်မှုအရာမှန်သမျှကို တမျိုးသားလုံးအတိုင်းအတာဖြင့်ဖြစ်စေ၊ ဒေသန္တရအတိုင်းအတာဖြင့်ဖြစ်စေ မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် အခွင့်အရေးအပြည့်အဝ ရရှိခံစားနိုင်သည်ကို ဆိုလိုသည်။


UNHCR in Myanmar

UNHCR Yangon
287 Pyay Road, Myaynigone, Sanchaung, Yangon
Tel: 01-524022, 01-524024, 01-524025, 01-524026

UNHCR Hpa-An
219 A, Bogyoke Street (main road), Ward 9, Hpa An
Tel: 058-23367, 098-626421

UNHCR Dawei
48, Arzani Road, Kanyung Ward, Dawei
Tel: 059-22607, 098-610124

UNHCR Loikaw
51(A), Anawyahta Street, Naung Yah (B) Ward, Loikaw
Tel: 083-22608, 094-9608781

Visit us at:
www.commonservice.info
www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren

Information Management Unit - Mae Sot
Thailand - Myanmar Border Operation
imumaesot@unhcr.org



Regional funding and funding for Thailand was also received through private donations from Italy, Japan, the Republic of Korea, Spain, Sweden, Thailand, and the United States of America.


UNHCR
The UN Refugee Agency

# ကူညီဆောင်ရွက်ပေးသောနည်းလမ်းဖြင့် မိမိဆန္ဒအလျောက် နေရပ်ပြန်သွားသူ ဒုက္ခသည်များအတွက် ထိုင်း- မြန်မာနိုင်ငံမှ ပေးသောအကူအညီများ

# ကူညီဆောင်ရွက်ပေးသောနည်းလမ်းဖြင့် မြန်မာနိုင်ငံသို့ပြန်သွားမည့် ဒုက္ခသည်များအတွက် UNHCR မှ အောက်ပါအကူအညီများပေးသွားမည်

## စခန်းထဲမှ ထွက်ခွာခြင်း ( ထိုင်းနိုင်ငံ)

### ၁။ UNHCR ၏ ကာကွယ်မှုဆိုင်ရာဆွေးနွေးလမ်းညွှန်မှု

UNHCR ၏ ကာကွယ်မှုဆိုင်ရာ ဆွေးနွေးလမ်းညွှန်မှုသည် ဒုက္ခသည်များ မိမိဆန္ဒအလျောက်ပြန်ခြင်းဟုတ်မဟုတ် အတည်ပြုရန်၊ အကူအညီပေးမှုများအပါအဝင် ပံ့ပိုးပေးသောနည်းလမ်းဖြင့် ဆန္ဒအလျောက်နေရပ်ပြန်သည့်လုပ်ငန်းစဉ်များကို ရှင်းပြရန်နှင့် ပြန်သွားမည့်နေရာဒေသအခြေအနေနှင့်ပတ်သတ်သော လက်ရှိသတင်းအချက်အလက်များ ဝေငှရန်ဖြစ်သည်။ ဆေးကုသမှု အထူးလိုအပ်မှုရှိသည့်သူများကို နောက်ထပ်ချင့်ချိန်အကဲဖြတ်မှုများနှင့် ပံ့ပိုးမှုများလုပ်ဆောင်ပေးရန်အတွက် ကျန်းမာရေးအဖွဲ့အစည်းများထံ လွှဲပြောင်းပေးမည်။ မိမိဆန္ဒအလျောက်နေရပ်ပြန်ခြင်းလျှောက်လွှာ(VRF) ကို ပြန်သွားမည့်မိသားစုများမှ လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး အချက်အလက်များကို မြန်မာအစိုးရနှင့် တော်ဝင်ထိုင်းအစိုးရထံ ၎င်းတို့ခွင့်ပြုချက်ရယူရန်အတွက် ပေးပို့မည်။

### ၂။ မြေမြှုပ်မိုင်းအန္တရယ် ပညာပေးသင်တန်း

Humanity & Inclusion (HI) အဖွဲ့မှ ဆန္ဒအလျောက်ဌာနေပြန်ရေးအကျိုးဆောင်ဗဟိုဌာနများ(VRCs)တွင် မြေမြှုပ်မိုင်းအန္တရယ်အကြောင်းနှင့်ပတ်သတ်သော ပညာပေးသင်တန်းများ ပေးသွားမည်ဖြစ်သည်။ နေရပ်ပြန်မည့်သူများ မဖြစ်မနေတက်ရောက်ရမည့်သင်တန်းဖြစ်သည်။

### ၃။ ပို့ဆောင်ရေး- စီစဉ်ပေးမည်၊ ငွေကြေးဖြင့်လည်း ပံ့ပိုးမည်

UNHCR-RTG ၏ တောင်းဆိုချက်အရ စခန်းမှ နယ်စပ်အထိ ပို့ဆောင်ရေးအစီအစဉ်ကို IOM က ဆောင်ရွက်မည်။ ထိုင်းနိုင်ငံနယ်စပ်မှ မြန်မာနိုင်ငံနောက်ဆုံးပန်းတိုင်ခရီးစဉ်အတွက် ငွေကြေးအကူအညီကို လူတစ်ဦးချင်းစီအတွက် ထောက်ပံ့ပေးသွားမည်။

### ၄။ ဘဝပြန်လည်ထူထောင်ရေးအတွက် ငွေကြေးအကူအညီ

ပြန်လည်အခြေချသည့်နေရာတွင် လိုအပ်သောပစ္စည်းများဝယ်ယူရန်အတွက် လိုအပ်သည့်လက်ငင်းကုန်ကျမှုကို လူကြီးတစ်ဦးချင်းစီနှင့် ကလေးတစ်ဦးချင်းစီအတွက် သတ်မှတ်ထားသောနှုန်းထားဖြင့် ငွေကြေးအကူအညီ ပံ့ပိုးပေးသွားမည်။

### ၅။ အစားအစာအတွက် ငွေကြေးအထောက်အပံ့

WFP အဖွဲ့မှ အစားအစာ ၆ လစာအတွက် ငွေကြေးအထောက်အပံ့ကို IOM မှတဆင့် ထွက်ခွာမည့်နေ့တွင်ပေးမည်။

### ၆။ အစားမဟုတ်သည့် ပစ္စည်းများ

ခြင်ထောင် နှစ်ယောက်လျှင်တစ်လုံးပေးမည်ဖြစ်ပြီး အမျိုးသမီးတိုင်းအတွက် အမျိုးသမီးလစဉ်သုံးပစ္စည်းများပေးမည်။ ထိုပစ္စည်းများကို စခန်းထဲမှ ထွက်ခွာမည့်ရက်မတိုင်ခင် IOM မှတဆင့် VRC စင်တာတွင် ပေးမည်။

မှတ်ချက် - ဒုက္ခသည်များအား ပံ့ပိုးပေးသော အကူအညီသည် တစ်ကြိမ်တစ်ခါအတွက်သာဖြစ်သည့်အားလျော်စွာ ထွက်ခွာမည့်နေ့မတိုင်မီ သို့မဟုတ် ထွက်ခွာမည့်နေ့ရက်တွင် ပေးသွားမည်ဖြစ်ပြီး VE ကဒ်ထဲတွင် မှတ်သားထားမည်။




ဆန္ဒအလျောက်နေရပ်ပြန်ခြင်းနှင့် ဘဝပြန်လည်ထူထောင်ခြင်း လုပ်ငန်းစဉ် လုပ်ဆောင်မှုအဆင့်ဆင့် အားလုံးတို့တွင် UNHCR သည် ကိုယ်တိုင်ရပ်တည်နိုင်စွမ်းအနည်းဆုံးသူများနှင့် ၎င်းတို့ မိသားစုများ၏ လိုအပ်မှုများကို အထူးအာရုံစိုက်ပေးမည်ဖြစ်သည်။

ထိုင်းနိုင်ငံ

## ( မြန်မာနိုင်ငံ )သို့ ရောက်ရှိသောအခါ

UNHCR မြန်မာသည် ပြန်လာသူဒုက္ခသည်များအားကူညီရန် အခြားသောအဖွဲ့အစည်းများနှင့်အတူ အာဏာပိုင်များကို ဝိုင်းဝန်းကူညီသွားမည်။ UNHCR သည် ပြန်လည်အခြေချသူများ၏အခြေအနေကို စောင့်ကြည့်လေ့လာ၍ ၎င်းတို့မှ အကူအညီလိုအပ်သည့်အခါ အကူအညီပေးသည့် အဖွဲ့အစည်းများထံ လမ်းညွှန်ပြသပေးသွားသည်။ ပြန်လည်အခြေချသူများ နေထိုင်သည့်နေရာအချို့တို့တွင် ပြန်လည်ထူထောင်ရေးဆိုင်ရာ စီမံကိန်းများကို လူထုအခြေစိုက်နည်းမျိုးဖြင့် ဆောင်ရွက်နိုင်ဖွယ်ရှိသည်။ လုပ်ဆောင်မည့် အကူအညီများကို အောက်ပါအတိုင်း အကျဉ်းချုပ် ဖော်ပြထားသည်။

### ၁။ ဘေးကင်းလုံခြုံမှု

ပြန်သွားမည့်နေရာဒေသရှိ လုံခြုံရေးအခြေအနေကို လေ့လာသုံးသပ်မည်။ UNHCR အနေဖြင့် မြေမြှုပ်မိုင်းကိစ္စကိုင်တွယ်ရန်နှင့် ပြန်လာသူများတွက် မိုင်းအန္တရယ် ပညာပေးသင်တန်းများပြုလုပ်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးကပ်စွာ အလုပ်လုပ်သွားမည်။

### ၂။ နိုင်ငံသားဆိုင်ရာ စာရွက်စာတမ်းများရရှိမှု

နိုင်ငံသားဆိုင်ရာ စာရွက်စာတမ်းများရရှိရန် အခက်အခဲကြုံတွေ့သူများအား UNHCR က ကူညီသွားမည်။ မြန်မာနိုင်ငံသားမှတ်ပုံတင်ရယူရန်သည် ပြန်လာသူဒုက္ခသည်များလုပ်ဆောင်ရမည့် တာဝန်ဖြစ်သည်။

### ၃။ အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာ

ကိုယ်ပိုင်မြေကို မည်ကဲ့သို့မှတ်ပုံတင်ရန်နှင့် မြေ၊ပစ္စည်းဥစ္စာနှင့်ပတ်သတ်သည့် ပြဿနာများကို ဖြေရှင်းရန် UNHCR မှ အကြံဉာဏ်နှင့် အချက်အလက်များပေးသွားမည်။

### ၄။ ပြည်သူ့ဝန်ဆောင်မှုများ

ဒေသခံပြည်သူများအတွက် အစိုးရကလုပ်ဆောင်ပေးသည့် ကျန်းမာရေးနှင့် ပညာရေးကဲ့သို့ လူမှုဝန်ဆောင်မှုများအားလုံးကို ပြန်လာသူဒုက္ခသည်များသည်လည်း ထိုနည်းတူရရှိခံစားနိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။ ဒေသတွင်း ဆောင်ရွက်ပေးသည့် လူမှုဝန်ဆောင်မှုများ မည်သို့ရယူခံစားနိုင်သည့်အကြောင်း UNHCR အနေဖြင့် အချက်အလက်များပေးဆောင်လမ်းညွှန်သွားမည်။

### ၅။ အသက်မွေးဝမ်းကျောင်းမှု

ဒေသတွင်း လူထုအခြေစိုက်အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာစီမံကိန်းများကို UNHCR နှင့် သို့မဟုတ် အခြားအဖွဲ့အစည်းများကလည်း ဆောင်ရွက်ပေးသွားမည်။

မြန်မာနိုင်ငံ